mgyoe.com



ပုဂံသူရဲကောင်း

# ကျန်စစ်သား

ဇာတ်ညွှန်း - ဝေသာ

သရုပ်ဖော် - ကျော်ဖြူစံ

အခြေခံမိတ်ဆက်စာစဉ်

အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတွဲ့ပူတွဲ)

ISBN9789997130655
RBB13
9 789997 130655
1,200.00 KS

mgyoe.com

ပုဂံသူရဲကောင်း ကျန်စစ်သား၊ ဝေသာနှင့် ကျော်ဖြူစံ
မျက်နှာဖုံးပန်းချီ - ကျော်ဖြူစံ
စာမျက်နှာ ၆၇ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# ပုဂံသူရဲကောင်း
# ကျန်စစ်သား

ဝေသာ ဇာတ်ညွှန်းရေး၍
ပန်းချီကျော်ဖြူစံ သရုပ်ဖော်သည်

ပထမအကြိမ်၊ ၂၀၂၀

mgyoe.com

mgy.oe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com

[ ၁ ]

## ဖခင် ပျောက်နေသော ကျွန်စစ်သား

အနော်ရထာမင်း နန်းတက်သောအခါ မိဖုရားကြီး မရှိသေးပါ။ ဝေသာလီပြည့်ရှင်ဘုရင်က သမီးတော် ပဉ္စကလျာဏီမင်းသမီးအား အနော်ရထာမင်းထံ ဆက်သလိုက်သည်။



mgyoe.com


အနော်ရထာမင်းက အမတ်တစ်ဦး ဖြစ်သည့် ရာဇတမန်အမတ်ကို ထိုမင်းသမီးအား ပင့်ဆောင်ရန် စေလွှတ်လိုက်သည်။


ဝေသာလီပြည် ဆိုသည်မှာ ရခိုင်ပြည်နယ်ထဲမှ မဟုတ်။ အိန္ဒိယနိုင်ငံ (ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အာသံပြည်နယ်)ထဲမှ ဖြစ်သည်။



mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ဝေးလံသော ခရီးကို သွားလာရသဖြင့် ရက်ချို၊ လချို ကြာမြင့်ခဲ့သည်။ ထိုအမတ်နှင့် ပဉ္စကလျာဏီ မင်းသမီးတို့အပေါ် သံသယရှိနိုင်ပြီး မင်းပြစ် မင်းဒဏ် ခံရဖွယ် ရှိသဖြင့် အနော်ရထာမင်းအား ထိုအမတ်က ဦးစွာ လျှောက်ထားလေ၏။



mgyoe.com

mgyoe.com



"အရှင်မင်းကြီး ... ဤမင်းသမီးမှာ ဝေသာလီပြည့်ရှင်၏ သမီးတော် အစစ် မဟုတ်။ ကျွန်,မသာ ဖြစ်ကြောင်းပါ ဘုရား ..."

ထိုသို့ စကားကြားသော် ဘုရင်အနော်ရထာက အမျက်ဒေါသထွက်ပြီးနောက် ပဥ္စကလျာဏီ မင်းသမီးအား ပရိမ္မအရပ်သို့ နှင်ထုတ်လိုက်ပြီး ပါလာသော ခြွေရံတို့နှင့် နေခိုင်းလေသည်။ (ထိုအရပ်မှာ ယခု စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၌ ရှိသည်။)



mgyoe.com

mgyoe.com


ပရိမ္မသူကြီးက ထိုမင်းသမီးကို စောင့်ရှောက်ထားရသည်။



mgyoe.com

mgyoe.com


ထိုမင်းသမီးမှာ တစ်နေ့ ယာတောထဲ၌ လူယောင်ဖန်ဆင်းထားသည့် နဂါးလုလင်နှင့် တွေ့၍ မေတ္တာမျှပြီး ကျန်စစ်သားကို မွေးသည်ဟု ဦးကုလား၏ ရာဇဝင်၌ ဆိုကြပြန်သည်။ ၎င်းမှာ ဒဏ္ဍာရီဆန်လွန်းပါသည်ဟု သမိုင်းဆရာတို့က ဆိုကြပါသည်။

သို့သော် မှန်နန်းရာဇဝင်၏ ဖော်ပြချက်အရ လှည်းထောက်ဘုရား၏ ကျောက်စာ၌ ကျန်စစ်သားသည် အနော်ရထာဘုရင်မင်းမြတ်၏ ရင်နှစ်သည်းချာဟု အခိုင်အမာ ဖော်ပြထားခဲ့သည်။



mgyoe.com





mgyoe.com


မည်သို့ဆိုစေ ကျန်စစ်သားသည် နောင်တွင် အနော်ရထာဘုရင် တည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးအား စည်ပင်ဝပြောအောင် ထိန်းသိမ်းနိုင်ခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်လာခဲ့သည်။



mgyoe.com



mgyoe.com

mgyoe.com




[ J ]

ပဉ္စကလျာဏီ မင်းသမီးက ကျန်စစ်သားကို အေဒီ ၁၀၃၀ ခုနှစ်၌ မွေးဖွားခဲ့သည်။ သူတို့သားအမိသည် ပရိမ္မအရပ်၌ ယာတဲစောင့် ဘဝဖြင့် နေထိုင် ကြီးပြင်းခဲ့ရသည်။

mgyoe.com

mgyoe.com


အရွယ်ရောက်လာချိန်တွင် ပုဂံပြည်ကြီး၌လည်း မင်းကောင်းမင်းမြတ် ပေါ်နေပြီဟူသော စကားကြောင့် အနော်ရထာမင်း တုန်လှုပ်ချောက်ချား ခဲ့ရသည်။ ဟူးရားဖြူ၊ ဟူးရားညိုတို့၏ တွက်ချက်လျှောက်ထားချက်အရ အနော်ရထာမင်းမှာ သူနှင့် ယှဉ်ပြိုင်သူ အမှန်ပေါ်လာပြီဟု ထင်မြင်လာ သည်။



mgyoe.com

mgyoe.com



ဦးကုလား ရာဇဝင်အရ -

ကလေးလူငယ်များကို သတ်စေသည်ဟု ဆိုသည်။


ထိုနောက်တစ်ဖန် မင်းလောင်းကလေးငယ်မှာ သင်္ကန်းဝတ်အရွယ် ရှင်သာမဏေဘဝသို့ ရောက်ပြန်ပြီဟု ဟူးရားဖြူ ဟူးရားညိုတို့က လျှောက်ပြန်သောအခါ ...

“ဒါဆို ထိုသင်္ကန်းဝတ် မင်းလောင်းကို သိရှိရန် ဘာလုပ်ရမည်နည်း”

ထိုအခါ ဟူးရားဖြူ ဟူးရားညို (ပုဏ္ဏားတော်များ)တို့က-


“ဆွမ်းဖိတ်ကျွေးပါ။ ဆွမ်းစားပြီး ရေသောက်သည့်အခါ ကိုယ်တိုင် ဆက်ကပ်ပါ။ ထိုရေကို သောက်နေစဉ် မင်းလောင်းသင်္ကန်းဝတ်၏ ပါးစပ်အတွင်းမှ သက်တံရောင်စုံ ရောင်ခြည်များ ထွက်နေပါလိမ့်မည်”

“ဩော် ... ဒီလိုလား ... ကောင်းပြီ”



mgyoe.com

mgyoe.com

ကျန်စစ်သားမင်းမှာ ထိုအချိန်က သင်္ကန်းဆီးရမည့်အရွယ်ရောက်၍ မိခင်က သင်္ကန်းဆီးပေးကာ သာသနာ့ဘောင်၌ ဝင်နေစေ၏။

"သားမှာ အန္တရာယ်တွေ များလှပါတယ်။ တစ်သက်လုံး သာသနာ့ဘောင်ထဲမှာပဲ နေပါတော့"

"ဟုတ်ကဲ့ပါ မယ်မယ်။ သား တစ်သက်လုံး နေပါ့မယ်"

mgyoe.com

mgyoe.com


ထိုအချိန်၌ အနော်ရထာမင်းမှာ ပုဂံမြို့တော်ကြီးရှိ ရဟန်းအပေါင်း၊ သာမဏေအပေါင်းအား ဆွမ်းလုပ်ကျွေးလေ၏။

တစ်နေ့ သင်္ကန်းဝတ်တစ်ပါးမှာ ဆွမ်းဘုဉ်းပေးပြီး အနော်ရထာက ရေကရားနှင့် ရေကပ်စဉ် ထိုသာမဏေ၏ ဟလိုက်သော အာခံတွင်းမှ ဝင်းခနဲ သက်တံရောင်ခြည်များ ထွက်လာသည်ကို တွေ့လိုက်ရသည်။


mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ထိုအခါ ဟူးရားဖြူ၊ ဟူးရားညို (ပုဏ္ဏားများ)က အနော်ရထာကို . ဤကဲ့သို့ လျှောက်တင်ကြသည်။

"ဤသာမဏေသည် အရှင်မင်းကြီး နောက်တစ်ဆက်လွန်လျှင် ပုဂံပြည်တွင် မင်းဖြစ်မည့် သူပင် ဖြစ်ပါသည် ဘုရား..."

"ကောင်းပြီ ... ဤသာမဏေကို ငါ၏ထံပါး၌ ခစားစေပါ။ အခုပင် လူထွက်ပါလော့..."

ထိုသာမဏေမှာ ကျန်စစ်သား ဖြစ်၏။

mgyoe.com

mgyoe.com




ထိုအချိန်မှစ၍
ကျန်စစ်သားမှာ
အနော်ရထာဘုရင်၏
အပါးတော်၌ ခစားရသည်။
မင်းတို့တတ်အပ်သော ပညာ
မျိုးစုံကို သင်ကြားကာ
ဘုရင် အနော်ရထာ၏
သားတော် ဖြစ်လာခဲ့သည်။
(မှတ်ချက် ။ ။
ကျန်စစ်သား၏ မိခင်
နာမည်အား သိရချိန်၌
ဒါ ငါ့သားတော်ပါလားဟု
ဆိုမိန့်ခဲ့ဖူး၏။)

mgyoe.com

mgyoe.com




ကျန်စစ်သားမှာ လက်ရုံးရည်၊ နှလုံးရည် ပြည့်စုံ၍ အနော်ရထာက သူရဲကောင်းအဖြစ် အသိအမှတ် ပြုခဲ့သည်။ အနော်ရထာ၏ လက်ရုံးတစ်ဆူ ဖြစ်ခဲ့သည်။

mgyoe.com

mgyoe.com




mgyoe.com


နောင်တွင် ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး တို့သည် ပုဂံပြည်၏ သူရဲကောင်းများ ဖြစ်လာကြသည်။



mgyoe.com